
---

## ၄-ဥဒါန်းပါဠိတော်

ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ။
ယတော ပဇာနာတိ သဟေတု ဓမ္မံ။ ။
ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
အထဿ ကင်္ခါ ဝပယန္တိ သဗ္ဗာ၊
ယတော ခယံ ပစ္စယာနံ အဝေဒီ။ ။
ယဒါ ဟဝေ ပါတု ဘဝန္တိ ဓမ္မာ၊
အာတာပိနော ဈာယတော ဗြာဟ္မဏဿ။
ဝိဓူပယံ တိဋ္ဌတိ မာရသေနံ။
သူရိယောဝ ဩဘာသယ မန္တလိက္ခံ။ ။

## ၅-အာဝေဏိက ဂုဏ်တော်

ဗုဒ္ဓါနံ ဇီဝိတဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ န သက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဗုဒ္ဓါနံ အသီတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပ ဘာယ ဝါ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။ ဣရေသံ စတုန္နံ နသက္ကာ ကေနစိ အန္တရာယော ကာတုံ။ တထာ မေ ဟောတု။ ။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတဉာဏံ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော, သဗ္ဗံ ကာယကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။ သဗ္ဗံ ဝစီကမ္မံ ဉာဏ ပုဗ္ဗင်္ဂမံ ဉာဏာနု ပရိဝတ္တံ။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာ နုပရိဝတ္တံ။ ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဆန္ဒဿ ဟာနိ။ နတ္ထိ ဝီရိယဿ ဟာနိ။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။ နတ္ထိ သမာဓိဿ ဟာနိ။ နတ္ထိ ပညာယ ဟာနိ။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။ ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နတ္ထိ ဒဝါ။ နတ္ထိ ရဝါ။ နတ္ထိ အဖုဋံ။ နတ္ထိ ဝေဂါယိတတ္တံ။ နတ္ထိ ဗျာဝဋမနော။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။ ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာ ဂတဿ ဗုဒ္ဓဿ ဘဂဝတော။ ။ သသဒ္ဓမ္မ ဂဏုတ္တမော သမ္မာသမ္ဗုဒ္ဓေါ သပရိဝါရံ သညာတိဂဏံ ရက္ခတု မံ စိရံ သဒါ။ သဗ္ဗကာမ ဒဒေါ ဟောတု မယှ မေဝ စိရံ သဒါ။

## ၆-ပကိဏ္ဏက ဒေသနာတော်

(၁) နာညတြ ဗောဇ္ဈာ တပသာ၊ နာညတြိန္ဒြိယသံဝ
ရာ။ နာညတြ သဗ္ဗနိသဂ္ဂါ၊ သောတ္ထိံ ပဿာမိ
ပါဏိနံ။ ။

(၂) နမော တေ ဗုဒ္ဓဝီရတ္ထု၊ ဝိပ္ပမုတ္တောသိ သဗ္ဗဓိ။
သမ္ဗာဓပ္ပဋိပန္နောသ္မိ၊ တဿ မေ သရဏံ ဘဝ။

(၃) တထာဂတံ အရဟန္တံ၊ စန္ဒိမာ သရဏံ ဂတော။
ရာဟု စန္ဒံ ပမုဉ္စဿု၊ ဗုဒ္ဓါ လောကာနုကမ္ပကာ။

(၄) ဩဇာဒီပံ ဇိနော ဂန္တွာ၊ ကကုသန္ဓော မဟာ
ဒယော။ ပဇ္ဇရံ ရောဂံ သမေတွာ၊ ဓမ္မံ ဝရ
မဒေသယိ။ ။

(၅) သုဝဏ္ဏဘူမိံ ဂန္တွာန၊ သောဏုတ္တရာ မဟိဒ္ဓိကာ။
ပိသာစေ နိဒ္ဓမိတွာန၊ ဗြဟ္မဇာလ မဒေသယုံ။ ။

(၆) ဝိသုဒ္ဓေါ ဝတ မေ ဝါသော၊ နိမ္မလံ မံ နုပဿသိ။
မာ တွံ ဝိသုဒ္ဓံ ဒူသေဟိ။ နိက္ခမာဟိ ဝနာ တုဝံ။ ။

ဟေတု ပစ္စယော၊ အာရမ္မဏပစ္စယော၊ အဓိပတိ ပစ္စယော၊ အနန္တရ ပစ္စယော၊ သမနန္တရ ပစ္စယော၊ သဟဇာတ ပစ္စယော၊ အညမည ပစ္စယော၊ နိဿယ ပစ္စယော၊ ဥပနိဿယ ပစ္စယော၊ ပုရေဇာတ ပစ္စယော၊ ပစ္ဆာဇာတ ပစ္စယော၊ အာသေဝန ပစ္စယော၊ ကမ္မပစ္စယော၊ ဝိပါက ပစ္စယော၊ အာဟာရ ပစ္စယော၊

ဣန္ဒြိယပစ္စယော၊ ဈာနပစ္စယော၊ မဂ္ဂပစ္စယော၊ သမ္ပယုတ္တပစ္စယော၊ ဝိပ္ပယုတ္တပစ္စယော၊ အတ္ထိပစ္စယော၊ နတ္ထိပစ္စယော၊ ဝိဂတပစ္စယော၊ အဝိဂတပစ္စယော။

---

## ၇-ငါးရံ့မင်းပရိတ်

၁။ ပုနာပရံ ယဒါ ဟောမိ၊ မစ္ဆရာဇာ မဟာသရေ။
ဥဏှေ သူရိယ သန္တာပေ၊ သရေ ဥဒက ခီယထ။
၂။ တတော ကာကာစ ဂိဇ္ဈာစ၊ ကင်္ကာ ကုလလသေနကာ
ဘက္ခယန္တိ ဒိဝါရတ္တိံ၊ မစ္ဆေ ဥပနိသီဒိယ။ ။
၃။ ဧဝံ စိန္တေသဟံ တတ္ထ၊ သဟ ဉာတီဟိ ပီဠိတော။
ကေနနုခေါ ဥပါယေန၊ ဉာတီ ဒုက္ခာ ပမောစယေ။
၄။ ဝိစိန္တယိတွာန ဓမ္မတ္ထံ၊ သစ္စံ အဒ္ဒသ ပဿယံ။
သစ္စေ ဌတွာ ပမောစေသိံ၊ ဉာတီနံ တံ အတိက္ခယံ။
၅။ အနုဿရိတွာ သတံ ဓမ္မံ၊ ပရမတ္ထံ ဝိစိန္တယံ။
အကာသိံ သစ္စကိရိယံ၊ ယံ လောကေ ဓုဝသဿတံ။
၆။ ယတောသရာမိ အတ္တာနံ၊ ယတောပတ္တောသ္မိ ဝိညုတံ။
နာဘိဇာနာမိ သဉ္စိစ္စ၊ ဧကပါဏံပိ ဟိံသိတံ။
ဧတေန သစ္စဝဇ္ဇေန၊ ပဇ္ဇုန္နော အဘိဝဿတု။
၇။ အဘိတ္ထနယ ပဇ္ဇုန္န၊
နိဓိံ ကာကဿ နာသယ။
ကာကံ သောကာယ ရန္ဓေဟိ။
မစ္ဆေ သောကာ ပမောစယ။

၇။ သဟ ကတေ သစ္စဝရေ၊ ပဇ္ဇုန္နော အဘိဂဇ္ဇိယ။ ထလံ
နိန္နဉ္စ ပူရေန္တော၊ ခဏေန အဘိ ဝဿထ။

၈။ ဧဝရူပံ သစ္စဝရံ၊ ကတွာ ဝီရိယ မုတ္တမံ။
ဝဿာပေသိံ မဟာမေဃံ၊ သစ္စတေဇ ဗလဿိတော။

သစ္စေန မေ သမော နတ္ထိ၊ ဧသော မေ သစ္စပါရမီ။

(၇) ငါရံ့မင်းပရိတ်ပြီး၏။

ညွှန်ရွတ်သုတ်ပြီး၏။

---

## နာညတြ-ဓသော ခြောက်ဂါထာ အနက်ကား

၁။ ဗောဇ္ဈာ၊ ဗောဇ္ဈင် ခုနစ်ပါး တရားအကျင့်ကို။ တပသာ၊ ကိလေသာကို ပူပန်စေတတ် ခြိုးခြံအပ်သော ဓုတင်အကျင့်ကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါ တို့၏။ သောတ္ထိ၊ ချမ်းသာခြင်းကို။ န ပဿာမိ၊ ငါဘုရားမမြင်။ ဣန္ဒြိယသံဝရာ၊ စက္ခုစသော ဣန္ဒြေ ခြောက်ပါးကို စောင့်ထိန်းခြင်းကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ချမ်းသာခြင်းကို။ န ပဿာမိ၊ ငါဘုရားမမြင်။ သဗ္ဗနိဿဂ္ဂါ၊ အဆုံးစုံသော ဘုံဘဝ သင်္ခါရတို့ကို စွန့်လွှတ် လွန်မြောက် နိဗ္ဗာန်ရောက်သည်ကို။ အညတြ၊ ကြဉ်ထား၍။ ပါဏိနံ၊ သတ္တဝါတို့၏။ သောတ္ထိ၊ ချမ်းသာခြင်းကို။ နပဿာမိ၊ ငါဘုရားမမြင်။

၂။ ဝီရ၊ ကြီးသော လုံ့လရှိတော် မူပေသော။ ဗုဒ္ဓ၊ မြတ်စွာဘုရား။ တေ၊ ရှင်ပင်ဘုရားအား။ နမော၊ ရှိခိုး ခြင်း သည်။ အတ္ထု၊ ဖြစ်ပါ၏ ဘုရား။ တွံ၊ ရှင်ပင်ဘုရားသည်။ သဗ္ဗဓိ၊ ခပ်သိမ်းသောအရာ၌။ ဝိပ္ပမုတ္တော၊ ဘေးရန် ဥပဒ်မှ ကင်းလွတ်သည်။ အသိ၊ ဖြစ်ပေ၏။ အဟံ၊ ကျွန်ုပ်သည်။ သမ္ဗာဓပ္ပဋိပန္နော၊ ကျဉ်းမြောင်း ခက်ခဲ ဆင်းရဲခြင်းသို့ ရောက်၍နေ သည်။ အသ္မိ၊ ဖြစ်ရချေ၏။ တဿမေ၊ ထိုအကျွန်ုပ်၏။ သရဏံ၊ ကိုးကွယ်ရာသည်။ ဘဝ၊ ဖြစ်တော်မူပါဘုရား။

၃။ အရဟန္တံ၊ ပူဇော်အထူးကို ခံထိုက်သော။ တထာဂတံ၊ ငါဘုရားကို။ စန္ဒိမာ၊ လနတ်သားသည်။ သရဏံ၊ ကိုးကွယ်ရာ ဟူ၍။ ဂတော၊ ဆည်းကပ်၏။ ရာဟု၊ ရာဟု မည်သော အသုရိန် နတ်။ စန္ဒံ၊ စန္ဒနတ်စံ၊ လဗိမာန်ကို။ ပမုဉ္စဿု၊ လွှတ်ထွေးလိုက် ပါလော့။ ဗုဒ္ဓါ၊ ဘုရား ရှင် တို့ သည်။ လောကာနုကမ္ပကာ၊ လူသုံးပါးကို သနား စောင့် ရှောက် တတ် ကုန်၏။ ။(နေကို ငပုတ်ဘမ်းရာ၌လည်း သူရိယော သရဏံဂတော—ဟူ ရွတ်)။

၄။ မဟာဒယော၊ ကြီးမြတ်သော သနားခြင်း ရှိတော် မူသော။ ကကုသန္ဓော၊ ကကုသန် အမည်တော် ရှိသော။ ဇိနော၊ မြတ်စွာဘုရားသည်။ ဩဇာဒီပံ၊ ထိုကာလက- ဩဇမည်သော သီဟိုဠ်ကျွန်းသို့။ ဂန္တွာ၊ ရဟန်းလေးသောင်းနှင့်တကွ ကြွတော် မူ၍။ ပဇ္ဇရံ၊ ဖျား နာ မည် သော။ ရောဂံ၊ အနာ ရောဂါ ကို။ သဒ္ဓမတ္တာ၊ ငြိမ်းပျောက်စေ၍။ ဝရံ၊ မြတ် လှ စွာ သော။ ဓမ္မံ၊ တရားကို အဒေသယိ၊ ဟောတော်မူပြီ။

(ကောဏာဂုံဘုရား, ကဿပဘုရားရှင် လက်ထက် ကြွတော်မူသည်ကိုလည်း။ ဝရဒိပံ ဗိနေ့ာ ဂန္တွာ၊ ကောဏာဂမနု နာမကော၊ ဒုဗ္ဘိက္ခဘယံ သမေတွာ၊ ဓမ္မံဝရ မဒေသယိ။ ။မဏ္ဍဒီပံ ဗိနေ့ာ ဂန္တွာ၊ ကဿပေါ ဒိပဒုတ္တမော။ ငိဝါဒံ ရူပသမေတွာ၊ ဓမ္မံ ဝရ မဒေသယိ။ ။ဟူ၍ ရွတ်လေ)။

၅။ မဟိဒ္ဓိကာ၊ ကြီးမားသော တန်ခိုးရှိကုန်သော။ သောဏုတ္တရာ၊ သောဏ ထေရ်-ဥတ္တရ ထေရ် တို့သည်။ သုဝဏ္ဏဘုမိံ၊ ရွှေမြေထူးလည် သတုံပြည်သို့။ ဂန္တွာန၊ ကြွသွားကုန်၍။ ပိသာစေ၊ မြေဘုတ်ဘီလူးတို့ကို။ နိဒ္ဓမိတွာန၊ နှင်ထုတ်ကုန်၍။ ဗြဟ္မဇာလံ၊ ဗြဟ္မဇာလသုတ်ကို။ အဒေသယုံ၊ ဟောတော် မူကြလေကုန်ပြီ။

၆။ မေ၊ ငါရဟန်း၏၊ ဝါသော၊ တော၌နေခြင်းသည်။ ဝိသုဒ္ဓေါဝတ၊ အထူးအချွန်၊ အလွန် စင်ကြယ် လှ၏ တကား။ နိမ္မလံ၊ ညစ်ကြေးမဘင် သန့်ရှင်းစင်သော။ မံ၊ ငါ့ကို။ တွံ၊ ပြစ်မရှိဘဲ၊ စွပ်စွဲသော သင်နတ်ယုတ်သည်။ နပဿတိ၊ ကြည့်ရှုမနေလင့်။ ဝိသုဒ္ဓံ၊ အထူးအချွန်၊ အလွန်စင်ကြယ်သော ငါ့ကို။ တွံ၊ သင်နတ်ယုတ်သည်။ မာဒူသေဟိ၊ မဖျက်ဆီးလင့်။ တုဝံ၊ သင်နတ်ယုတ်သည်။ ဝနာ၊ ငါနေရာ တောမှ။ နိက္ခမာဟိ၊ ထွက်သွားလေလော့။

နာညကြွ စသော ၆-ဂါထာအနက်ပြီး၏။

## နံနက်ရွတ်စဉ်

ပုတီးစိပ်လေးပုဒ်ကို အရင်စ၍ရွတ် ရှေး၌ရေးခဲ့ပြီ။

၁။ အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော၊ မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ၊ ဟဒယံ ယကနံ ကိလော မကံ ပိဟကံ ပပ္ဖါသံ အန္တံ အန္တဂုဏံ ဥဒရိယံ ကရီသံ မတ္ထလုင်္ဂံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ၊ အဿု ဝသာ ခေဠော-သိင်္ဃာဏိကာ လသိကာ မုတ္တံ။ ။ (အနုလောမ။)

မုတ္တံ လသိကာ သိင်္ဃာဏိကာ ခေဠော ဝသာ အဿု၊ မေဒေါ သေဒေါ လောဟိတံ ပုဗ္ဗော သေမှံ ပိတ္တံ၊ မတ္ထလုင်္ဂံ ကရီသံ ဥဒရိယံ-အန္တဂုဏံ အန္တံ၊ ပပ္ဖါသံ ပိဟကံ ကိလော မကံ ယကနံ ဟဒယံ၊ ဝက္ကံ အဋ္ဌိမိဉ္ဇံ အဋ္ဌိ နှာရု မံသံ၊ တစော ဒန္တာ နခါ လောမာ ကေသာ။ ။(ပဋိလောမ)။

ဒွတ္တိံသာကာရပါဠိ-အနုလောမ, ပဋိလောမ,ပြီး၏။

---

ဆံပင်၊ အမွေး၊ လက်သည်း-ခြေသည်း၊ သွား၊ အရေ။ အသား၊ အကြော၊ အရိုး၊ ခြင်ဆီ၊ အညှို့။ နှလုံး၊ အသည်း၊ အမြှေး၊ အဖြင်း၊ အဆုပ်။ အူမ၊ အူသိမ်၊ အစာသစ်၊ အစာဟောင်း၊ ဦးနှောက်။ သည်းခြေ၊ သလိပ်၊ ပြည်၊ သွေး၊ ချွေး၊ အဆီခဲ။ မျက်ရည်၊ ဆီကြည်၊ တံထွေး၊ နှပ်၊အစေး၊ ကျင်ငယ်။ (အနုလုံ။)

ကျင်ငယ်၊ အစေး၊ နှပ်၊ တံထွေး၊ ဆီကြည်၊ မျက်ရည်။အဆီခဲ၊ ချွေး၊ သွေး၊ ပြည်၊ သလိပ်၊ သည်းခြေ။ ဦးနှောက်၊ အစာဟောင်း၊ အစာသစ်၊ အူသိမ်၊ အူမ၊ အဆုပ်၊ အဖြင်း၊ အမြွေး၊ အသည်း၊ နှလုံး၊ အညှို့၊ ခြင်ဆီ၊ အရိုး၊ အကြော၊ အသား၊ အရေ၊ သွား၊ လက်သည်း၊ ခြေသည်း၊ အမွေး၊ ဆံပင်။ ။ (ပဋိလုံ။)

အနုလုံ, ပဋိလုံ, အနက်ပြီး၏။

---

၂။ ဣမသ္မိံ မေ ကာယေ ဣမေ ကေသာ နာမ ဝဏ္ဏတောပိ ဂန္ဓတောပိ သဏ္ဌာနတောပိ ဩကာသတောပိ အသယာတောပိ အသုဘာ ဇေဂုစ္ဆာ ပဋိကူလာ။ ။ ဣမသ္မိံ မေ ကာယေ ဣမေ လောမာနာမ။ပ။ ပဋိကူလာ။ အယံ တစောနာမ။ ပ။ အသုဘော ဇေဂုစ္ဆော ပဋိကူလော။

၃။ ဣဒံ မံသံ နာမ။ပ။ အသုဘံ, ဇေဂုစ္ဆံ ပဋိကူလံ။ ။ ဣဒံ နှာရုနာ။ ပ။ ပဋိကူလံ။ ဣဒံ အဋ္ဌိနာမ။ ပ။ ပဋိကူလံ။ ။ ဣဒံ အဋ္ဌိမိဉ္ဇံနာမ။ ပ။ ပဋိကူလံ။ ။ဣဒံ ပက္ကံ နာမ။ ။ ပ။ ပဋိကူလံ။

၄။ ဣဒံ ဟဒယံနာမ။ ပ။ ပဋိကူလံ။ ။ ဣဒံ ယကနံ နာမ။ ပ။ ပဋိကူလံ။ ။ဣဒံ ကိလောမကံ နာမ။ ပ။ ပဋိကူလံ။ ။ ဣဒံပိဟကံနာမ။ ပ။ ပဋိကူလံ။ ။ဣဒံ ပပ္ဖါသံနာမ။ ပ။ ပဋိကူလံ။

၅။ ဉာဒံ အန္တနာမ။ ပ။ ပဋိက္ကူလံ။ ။ဉာဒံ အန္တဂုဏံနာမ ။ ပ။ ပဋိက္ကူလံ။ ဉာဒံ ဥဒရိယံနာမ။ ပ။ ပဋိက္ကူလံ။ ။ဉာဒံ ကရီသံနာမ။ ပ။ ပဋိက္ကူလံ။ ။ဉာဒံ မတ္ထလုင်္ဂနာမ။ ပ။ ပဋိက္ကူလံ။

၆။ ဉာဒံ ပိတ္တံနာမ။ ပ။ ပဋိက္ကူလံ။ ။ဉာဒံ သေမှံနာမ။ ပ။ ပဋိက္ကူလံ။ ။အယံ ပုဗ္ဗောနာမ။ ပ။ ပဋိက္ကူလော။ ။ဉာဒံ လောဟိတံနာမ။ ပ။ ပဋိက္ကူလံ ။အယံသေဒေါနာမ။ ပ။ ပဋိက္ကူလော။ ။အယံ မေဒေါနာမ။ ။ပ။ပဋိက္ကူလော။

၇။ ဉာဒံ အဿုနာမ။ ပ။ ပဋိက္ကူလံ။ ။အယံဝသာနာမ ။ပ။ ပဋိက္ကူလာ။ ။အယံ ခေဠောနာမ။ပ။ပဋိက္ကူလော။ ။ အယံ သိင်္ဃာဏိကာ နာမ။ ပ။ ပဋိက္ကူလာ။ ။အယံ လသိကာ နာမ။ ပ။ ပဋိက္ကူလာ။ ။ဉာဒံ မုတ္တံနာမ။ ပ။ ပဋိက္ကူလံ။

ဣမသ္မိံ မေ ကာယေ ဣမေ ကေသာနာမ ပါတိ ယေက္ကော ကောဋ္ဌာသော နိဿတ္တော နိဇ္ဇီဝေါ အဗျာကတော သုညော ပထဝီဓာတုယော၀။-

(ဉာမေ၊ဉာဒံ၊ အယံတို့ကို ရှေ့ဆိုခဲ့သည့်အတိုင်း ထည့်သွင်း၍ ဆင်ခြင်ပြီးလျှင် မုတ္တံ-တိုင်အောင်ရွတ်။ ပိတ္တံ-ကစ၍ အာပေါ ဓာတုယော၀-ဟုဆိုလေ။ ။ခုနစ်ရက်ရွတ်)

နံနက်ရွတ်စဉ်ပြီး၏။

## မေတ္တာပို့

အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃော ဟောမိ၊ သုခီ အတ္တာနံ ပရိဟာရာမိ။

သီမဋ္ဌသံဃော အဝေရော ဟောတု၊အဗျာပဇ္ဇော ဟောတု၊ အနီဃော ဟောတု၊ သုခီ အတ္တာနံ ပရိဟရတု။

သီမဋ္ဌဒေဝတာ အဝေရာဟောန္တု။ ပ ။ဟာရန္တု။

အမှာကံ ဂေါစရဂါမေ ဇေဋ္ဌကမနုဿာ အဝေရာဟောန္တု။ ပ။ ဟာရန္တု။ ။သဗ္ဗေ သတ္တာ သဗ္ဗေ ပါဏာ၊ သဗ္ဗေ ဘူတာ၊ သဗ္ဗေ ပုဂ္ဂလာ၊သဗ္ဗေ အတ္တဘာဝ ပရိယာပန္နာ၊သဗ္ဗာဣတ္ထိယော၊ သဗ္ဗေ ပုရိသာ၊သဗ္ဗေ အရိယာ၊သဗ္ဗေ အနရိယာ၊ သဗ္ဗေ ဒေဝါ၊ သဗ္ဗေ မနုဿာ၊ သဗ္ဗေ ဝိနိပါတိကာ၊ အဝေရာ၊ ပ။ ဟာရန္တု။

ပုရိတ္ထိမာယ ဒိသာယ၊ ဒက္ခိဏာယ ဒိသာယ၊ ပစ္ဆိမာယ ဒိသာယ၊ ဥတ္တရာယ ဒိသာယ၊ ပုရတ္ထိမာယ အနုဒိသာယ၊ ဒက္ခိဏာယ အနုဒိသာယ၊ ပစ္ဆိမာယ အနုဒိသာယ၊ ဥတ္တရာယ အနုဒိသာယ၊ဟေဋ္ဌိမာယ ဒိသာယ၊ ဥပရိမာယ ဒိသာယ၊သဗ္ဗေ သတ္တာ။ ပ။ ဟာရန္တု။

မေတ္တာပို့ ပြီး၏။

---

၁။ သဗ္ဗေသင်္ခါရာ အနိစ္စာတိ၊ ယဒါ ပညာယ ပဿတိ။
အထ နိဗ္ဗိန္ဒတိ ဒုက္ခေ၊ ဧသ မဂ္ဂေါ ဝိသုဒ္ဓိယာ။ ။

၂။ သဗ္ဗေ သင်္ခါရာ ဒုက္ခာတိ။ ပ။ ယာ။ ။

၃။ သဗ္ဗေ ဓမ္မာ အနတ္တာတိ။ ပ။ ယာ။ ။

၄။ အပ္ပမာဒေန ဘိက္ခဝေ သမ္ပာဒေထ။ ဗုဒ္ဓုပ္ပါဒေါ ဒုလ္လဘော လောကသ္မိံ။ မနုဿတ္တဘာဝေါ ဒုလ္လဘော။ ဒုလ္လဘာ သဒ္ဓါသမ္ပတ္တိ။ ပဗ္ဗဇိတဘာဝေါ ဒုလ္လဘော။ သဒ္ဓမ္မဿဝနံ ဒုလ္လဘံ။ ဧဝံ ဒိဝသေ ဒိဝသေ ဩဝဒိ။

၅။ ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ၊ ဝယဓမ္မာ သင်္ခါရာ။ အပ္ပမာဒေန သမ္ပာဒေထ။

၆။ ဣတ္ထာဝတာ စ အမ္ဗေဟိ၊ သမ္ဘတံ ပုညသမ္ပဒံ။
သဗ္ဗေ ဒေဝါနုမောဒန္တု၊ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ။

၇။ ဒါနံ ဒဒန္တု သဒ္ဓါယ၊ သီလံ ရက္ခန္တု သဗ္ဗဒါ။
ဘာဝနာ ဘိရတာ ဟောန္တု၊ ဂစ္ဆန္တု ဒေဝတာ ဂတာ။

၈။ သဗ္ဗေ ဗုဒ္ဓါ ဗလပ္ပတ္တာ၊ ပစ္စေကာနဉ္စ ယံ ဗလံ။
အရဟန္တာနဉ္စ တေဇေန၊ ရက္ခံ ဗန္ဓာမိ သဗ္ဗသော။

(ဤဂါထာကို တနင်္ဂနွေထောင့်က စ၍ တနင်္ဂနွေထောင့် ကျအောင် ထပ်၍ရွတ်၊ ရေး၍လည်း ဆွဲထား၊ စည်းဖြစ်၍ ဘေးရန်ကင်းသည်ဟူလို။)

ဣမာယ ဓမ္မာနု ဓမ္မ ပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။ ။ဓမ္မံ ပူဇေမိ။ သံဃံ ပူဇေမိ။ ။အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇရာမရဏမှာ ပရိမုစ္စိဿာမိ။

ညဉ့်-နံနက်ရွတ်စဉ် ပြီး၏။

## သဗ္ဗသင်္ခါရာ-စသော ၈-ဂါထာအနက်

၁-၂-၃။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ သင်္ခါရာ၊အကြောင်း ပြုသမျှ တေဘူမက တရားတို့သည်။ အနိစ္စာ၊ အမြဲမရှိကုန်။ ဒုက္ခာ၊ ဆင်းရဲကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဓမ္မာ၊ နိဗ္ဗာန် ပညတ်နှင့်တကွ စတုဘူမိက တရားတို့သည်။ အနတ္တာ၊ အစိုးရ သော ကိုယ်မဟုတ်ကုန်။ ဣတိ၊ ဤသို့။ ယဒါ၊ အကြင်အခါ၌။ ပညာယ၊ ဝိပဿနာဉာဏ်ဖြင့်။ ပဿတိ၊ ရှုမြင်၏။ အထ၊ ထိုသို့မြင်သည် ရှိသော်။ ဒုက္ခေ၊ သံသရာဝဋ်ဆင်းရဲ၌။ နိဗ္ဗိန္ဒတိ၊ ငြီးငွေ့၏။ သေ-ဧသော၊ ဤသို့ငြီးငွေ့သော ဝိပဿနာဉာဏ် သည်။ ဝိသုဒ္ဓိယာ၊ မဂ်-ဖိုလ်-နိဗ္ဗာန်ရောက်ခြင်း၏။ မဂ္ဂေါ၊ လမ်းကြောင်းတည်း။

၄။ ဘိက္ခဝေ၊ ချစ်သားရဟန်းတို့။ အပ္ပမာဒေန၊ မမေ့ မလျော့သောသတိတရားဖြင့်။ သမ္ပာဒေထ၊ သိက္ခာသုံးပါးကို ပြည့်စုံကြစေကုန်လော့။ လောကသ္မိံ၊ လူ့ရွာ၌။ ဗုဒ္ဓုပ္ပါဒေါ၊ ဘုရားဖြစ်ခြင်းကို။ ဒုလ္လလော၊ ရခဲ၏။ သဒ္ဓါသမ္ပတ္တိ၊ ရတနာ သုံးတန် ကံ-ကံ၏ အကျိုးတို့ကို ကြည်ညိုယုံကြည်ခြင်း သဒ္ဓါ တရားနှင့် ပြည့်စုံခြင်းကို။ ဒုလ္လဘာ၊ ရခဲ၏။ (ဤ၌ သမ္ပတ္တိ, ဟူ၍ရင်း၊ ခဏသမ္ပတ္တိ, ဟူ၍ရင်း၊ အချို့ပါဌ်ရှိကြ၏)။ ။ပဗ္ဗဇိတ ဘာဝေါ၊ ရသေ့ရဟန်းအဖြစ်ကို။ ဒုလ္လဘော၊ ရခဲ၏။ သဒ္ဓမ္မသဝနံ၊ သူတော်ကောင်း တရား စကား ကြားနာရခြင်း ကို။ ဒုလ္လဘံ၊ ရနိုင်ခဲ၏။ ဝါ၊ ခဲယဉ်းစွာ ရအပ်၏။ (ဤ၌ အတိသဒ္ဒါ စာမှာမပါ)။ ဧဝံ၊ ဤသို့။ ဒိဝသေ-ဒိဝသေ၊ နေ့

တိုင်း နေ့တိုင်း။ ဩဝဒိ၊ ဆွမ်းခံပြန်တွင် ခြေဆေးအင်းပျဉ်၌ ရပ်၍ဟောတော်မူ၏။

၃။ ဘိက္ခဝေ၊ ရဟန်းတို့။ ဒါနိ၊ ငါဘုရား နိဗ္ဗာန်စံလွန် ခါနီးဖြစ်သော ယခုအခါ၌။ ဟန္ဒ၊ ငါတိုက်တွန်း၏။ ဝေါ၊ သင်ချစ်သားတို့ကို။ အာမန္တယာမိ၊ ငါခေါ်၍ သိစေတော်မူ၏။ သင်္ခါရာ၊ အဆန်းအရိုး အဆိုးအကောင်း အကြောင်းပြု၍ ဖြစ်သမျှ တေဘူမက တရားတို့သည်။ ဝယဓမ္မာ၊ ပျက်စီးရခြင်း သဘောရှိကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့သော သတိတရားဖြင့်။ သမ္ပာဒေထ၊ သိက္ခာသုံးပါးကို ပြည့်စုံ ကြ စေကုန်လော့။

၄။ ဧတ္တာဝတာစ၊ သမန္တာကစ၍ ရွတ်ဘတ်ခဲ့သမျှ ဝစီပယောဂ လုံ့လဝီရိယဖြင့်။ အမှေဟိ၊ ငါတို့သည်။ သမ္ဘတံ၊ ကောင်းစွာ ဆည်းပူးအပ်ပြီးသော။ပုညသမ္ပဒံ၊ကောင်းမှု၏ ပြည့်စုံခြင်းကို။ ဝါ၊၊ ပြည့်စုံပြီးသော ကောင်းမှုကို။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဒေဝါ၊ နတ်တို့သည်။ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ၊ မိမိတို့ ကိုယ်စီ လောကီ လောကုတ္တရာ အလုံးစုံသော စည်းစိမ်ချမ်းသာ ပြီးစီးအောင်မြင်ခြင်းငှါ။ အနုမောဒန္တု၊ ဝမ်းမြောက် ဝမ်းသာ သာဓု-သာဓု-သာဓု-ခေါ်ကြစေကုန်သတည်း။

၅။ သဗ္ဗသမ္ပတ္တိ သိဒ္ဓိယာ၊ ခပ်သိမ်းသော စည်းစိမ်ချမ်းသာ ပြီးစီးခြင်းငှါ။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ သဒ္ဓါယ၊ သဒ္ဓါယုံကြည်ခြင်းဖြင့်။ ဒါနံ၊ အလှူကို။ ဒဒန္တု၊ လှူဒါန်း ပေးကမ်းကြစေကုန်သတည်း။ သီလံ၊ သီလကို။ ရက္ခန္တု၊ စောင့် ရှောက်

ကြစေကုန်သတည်း။ ဘာဝနာဘိရတာ၊ သမထ ဝိပဿနာ ဘာဝနာ၌ လွန်စွာ မွေ့လျော် ပျော်ပိုက် ကုန်သည်။ ဟောန္တု၊ ဖြစ်ကြစေကုန်သတည်း။ အာဂတာ၊ သမန္တာဖြင့် တရားနာရန် ဖိတ်မန်၍ လာရောက်ကြကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ အာဂစ္ဆန္တု၊ မိမိတို့ဝေယန် ဘုံဗိမာန်ကို ပြန်သွားကြစေကုန်သတည်း။

၈။ ဗလပ္ပတ္တာ၊ ကိုယ်အား ဉာဏ်အား ဆယ်ပါးသို့ ရောက်တော်မူကုန်သော။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဗုဒ္ဓါ စ၊ သဗ္ဗညု ဘုရားရှင်တို့၏၎င်း။ ပစ္စေကာနဉ္စ၊ ရှင်ပစ္စေက ဗုဒ္ဓါတို့၏၎င်း။ ယံ ဗလံ၊ အကြင်အားစွမ်းသည်။ အတ္ထိ၊ ရှိ၏။ တေန ဗလေန၊ ထိုဘုရားပစ္စေကဗုဒ္ဓါတို့၏ အစွမ်းအားဖြင့်၎င်း။ အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ တေဇေန စ၊ တန်ခိုး ရှိန်စော်- အာနုဘော်အားဖြင့်၎င်း။ သဗ္ဗသော၊ ခပ်သိမ်းသော ရပ်ခွင် တက်ဝန်းကျင်မှ။ ရက္ခံ၊ ဘေးရန် အန္တရာယ် အကာအကွယ် အစောင့် အရှောက် အရံအတားကို၊ ဗန္ဓာမိ၊ ဖွဲ့ဆိုရံတားပါ၏။

## ဓုတင်တေရသဆောက်တည်ရန်ပါဠိ

၁။ ဂဟပတိဒါနစီဝရံ ပဋိက္ခိပါမိ။ ပံသုကူလိကင်္ဂံ သမာဒိယာမိ။ ။ပံသုကူဓုတင်။

၂။ စတုတ္ထစီဝရံ ပဋိက္ခိပါမိ။ တေစီဝရိကင်္ဂံ သမာဒိယာမိ။ ။တေစီဝရိက်ဓုတင်။

၃။ အတိရေကလာဘံ ပဋိက္ခိပါမိ။ ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ။ ။ပိဏ္ဍပါတ်ဓုတင်။

၄။ လောလုပ္ပစာရံ ပဋိက္ခိပါမိ။ သပဒါန စာရိကင်္ဂံ သမာဒိယာမိ။ ။သပဒါနဓုတင်။

၅။ နာနာသန ဘောဇနံ ပဋိက္ခိပါမိ။ ဧကာသနိကင်္ဂံ သမာဒိယာမိ။ ။ဧကာသနိက်ဓုတင်။

၆။ ဒုတိယဘာဇနံ ပဋိက္ခိပါမိ၊ ပတ္တပိဏ္ဍိကင်္ဂံ သမာဒိယာမိ။ ။ပတ္တပိဏ်ဓုတင်။

၇။ အတိရိတ္တဘောဇနံ ပဋိက္ခိပါမိ။ ခလုပစ္ဆာဘတ္တိကင်္ဂံ သမာဒိယာမိ။ ။ခလုပစ္ဆာဓုတင်။

၈။ ဂါမန္တသေနာသနံ ပဋိက္ခိပါမိ။ အာရညိကင်္ဂံ သမာဒိယာမိ။ ။အာရညိကင်ဓုတင်။

၉။ ဆန္နံ ပဋိက္ခိပါမိ၊ ရုက္ခမူလိကင်္ဂံ သမာဒိယာမိ။ ။ရုက္ခမူဓုတင်။

၁၀။ ဆန္နဉ္စ ရုက္ခမူလဉ္စ ပဋိက္ခိပါမိ။ အဗ္ဘောကာသိကင်္ဂံ သမာဒိယာမိ။ ။အဗ္ဘောကာသိကဓုတင်။

၁၁။ န သုသာနံ ပဋိက္ခိပါမိ၊ သောသာနိကင်္ဂ သမာဒိယာမိ။ ။သုသာန်ဓုတင်။

၁၂။ သေနာသနလောလုပ္ပံ ပဋိက္ခိပါမိ၊ ယထာ သန္တတိကင်္ဂ သမာဒိယာမိ။ ။ယထာသန္တတိဓုတင်။

၁၃။ သေယျံ ပဋိက္ခိပါမိ၊ နေသဇ္ဇိကင်္ဂ သမာဒိယာမိ။ ။နိသိဇ်ဓုတင်။

(ဓုတင် တေရသ ဆောက်တည်ရန်ပါဠိ၊ ဘုရားရှေ့၊ ဆရာမိဘရှေ့၊ မိမိဘာသာ ဆောက်တည်ကောင်းသည်ချည်းမှတ်။ ။အနက်မှာ ပရမတ္ထ သရူပ ဘေဒနီစာအုပ် ၃၆၀၊ ရန်ကုန်ရိုက်မှာ ၃၉၇-နံပါတ်တွင် ကြည့်လေ။)

နာနာသနဘောဇနံ၊ ယာပိုထ်ပြောင်းကူး၊ အထူးထူးသောနေရာ၌ စားခြင်းကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ ။ဧကာသနိကင်္ဂ ယာပိုထ်မလည်း တနေရာဘည်း၌ စားလေ့ရှိသောပုဂ္ဂိုလ်၏ အကြောင်းအင်္ဂါသမာဒါန စေတနာကို။ သမာဒိယာမိ၊ ကောင်းစွာယူပါ၏။ ဆောက်တည်ပါ၏။

ဒုတိယဘာဇနံ၊ နှစ်ခုမြောက်သော ခွက်ကို။ ပဋိက္ခိပါမိ၊ ပယ်ပါ၏။ (ပတ္တပိဏ္ဍိကင်္ဂ ၊ တခွက်ထဲတည်း၌သာ ဆွမ်းကိုယူခြင်းအလေ့ရှိသော ပုဂ္ဂိုလ်၏ အကြောင်း အင်္ဂါ သမာဒါန စေတနာကို။ သမာဒိယာမိ၊ကောင်းစွာယူပါ၏။ဆောက်တည်ပါ၏။)

ဤကား-အမျှားနှင့်သာဆက်ဆံသောကြောင့်ထုတ်၍ရေးလိုက်သည်။

## ကျောင်းသားကျင့်ဝတ်ဆယ်ပါး

၁။ စားဘွယ်သီးမျိုး၊ တကြိမ်ခိုး၊ ထမ်းပိုး ဒဏ်သုံးဆယ်ပါ ဘုရား။

၂။ နှစ်ကြိမ် ခြောက်ဆယ်၊ သုံးကြိမ်ဝယ်၊ ကျောင်းဝယ် မနေရပါဘုရား။

၃။ ဘိုးထိုက်ခိုးလျှင်၊ တကြိမ်ပင်၊ တိုက်တွင် မနေရပါ ဘုရား။

၄။ ကိုင်၍ တုတ်, ထား၊ ခိုက်ရန်ပွား၊ ထွက်သွားကျောင်း တိုက်ကပါဘုရား။

၅။ ကစားမျိုးလိုက်၊ ကျောင်း သား မိုက်၊ ကျောင်း၌ မနေရပါဘုရား။

၆။ ပုတီးကိုစိပ်၊ ငြိမ်ဆိတ်ဆိတ်၊ ဆေးလိပ် မသောက်ရပါ ဘုရား။

၇။ ညဉ့်ရောနံနက်၊ ရက်မပျက်၊ ဝတ်တက် အမှန်လိုက်ရ ပါသည်ဘုရား။

၈။ ညဉ့်နံနက်ရွတ်၊ ရနှုတ်လွတ်၊ မပြတ်နေ့တိုင်း ရွတ်ရ ပါသည်ဘုရား။

၉။ ဝါပ-ဝါတွင်း၊ လေးသီတင်း၊ မပျင်းဥပုသ် စောင့်ရ ပါသည်ဘုရား။

၁၀။ ပစ္စဝေက္ခဏာ၊ လိင်ဒဏ်ပါ၊ ရခါရှင်ပြု ရပါသည် ဘုရား။

၁၁။ ကျင့်ဝတ် ဆယ်ပါး၊ မောင်ကျောင်းသား၊ မမှား ကျင့်သုံးရပါသည်ဘုရား။

## ရွှေကျင်ဂိုဏ်း ဒါယကာအချင်းချင်း ဖြန့်ကမ်းရန် ဂဏဝိသုဒ္ဓိ အမိန့်စာ

ရွှေကျင်ဂိုဏ်းဟု သမုတ်ခံလျက်၊ နေလွဲဆေးဝါး, ဆေးသောက်စသော ဝိကာလဘောဇန အနာစာရပတ်မှုများကို အချို့ပြုကြသည်ဟု သတင်းကြားသိရ၍။ နှုက် အခါ တောင် မှဆေးကွမ်းမဝါးသော အထက် နာယကအရှင် ရွှေကျင် ဆရာတော်ဘုရားကြီး၊ ကူးခန်းခပ်မှန်၊ ပဲခူးကောရ ဆရာတော်ဘုရားကြီးများ၏ တပည့်သားအစဉ်- ရွှေ ကျင် ဂိုဏ်း သားအစစ်ကား....

၁။ နေလွဲဆေးမဝါးခြင်း။

၂။ နေ့စဉ်- သပိတ်, လင်ပန်း, ပန်း ကန် တို့ ကို ပွတ်ခြင်း။

၃။ ရေလျှ-ပန်းလျှ-ဆီမီးလျှ-ဘုရားရှိခိုး ဝတ်တက်ရွတ်ဘတ်ဆုံးပြီး၊ ညဥ့် ၉-နာရီ, ၁၀-နာ, ၁၁-နာရီ-ကျအောင် စာအံ၊ စာချ၊ ပုတီးစိပ်ရခြင်း။

၄။ သဟာသေယျလည်း မဖြစ်ရအောင် နံနက်စောစောထ၍ ဘုရား ဝတ်တက်ပြီးလျှင် အရုဏ်တက်အောင် ထိုင်၍ ရဟန်းတရားကို နှလုံးသွင်းခြင်း။

၅။ "ထိမိသသာ ကုတော သီလံ"ဟူသည့်အတိုင်း မကြာခင် သီလပျက်ပြား၊ သူတပါးနှင့်ပ်ရွဲ၊ ဂိုဏ်း သ ဃာကွဲကြောင်းဖြစ်၍၊ မာတုဂါမ- မယ် သီ လ တို့ ကို ဘဏ္ဍာစိုး မပြု မလုပ်ရ၊ နေ့ဝါ, ညဥ့်ဝါ စာမပို့ မချရခြင်း။

၆။ မိမိနေရာဂါမခေတ်၌သဃ်ာစေ့လျှင်သဘာဂကျောင်း၊ သိမ်၌ စည်းဝေးလျက်၊ ပါတိမောက် အကျယ်ရွတ်၍ သဃ်ာ့ဥပုသ်ပြုကြခြင်း။

၇။ မိုးသမရွာ မနှာမဖျားဘဲ၊ တီးဆောင်းလေ့မရှိခြင်း။

၈။ ကျောင်းထိုင် မထေရ်ကြီးတို့မှာ "ဆယ်ဝါပြည့်တင်း၊ ဝိဘင်းနှစ်ဖြာ၊ ကမ္မာကမ္မ၊ ခန္ဓကပုဒ်၊ နာမ်, ရုပ် ပိုင်ပိုင်၊ ဟောပြနိုင်၊ ကျောင်းထိုင် ငါးအင်္ဂါ"ဟူ သည်နှင့်၊ အတန်အရာ ပြည့်စုံအောင်၊ ဒွေးမာတိကာ ခုဒ္ဒသိက္ခာ, ကင်္ခါ, သင်္ဂြိုဟ်များကို ကျေကျေ နပ်နပ် လေ့လာ၍၊ နိဿယည်း ဥပဇ္ဈာယ်ပေးခြင်း။

၉။ "ရဟန်းကိစ္စ၊ နှစ်ခုရှေ၌၊ လုံ့လအားသည်း၊ ဟိတ်ဟန် နည်း၍၊ ပစ္စည်းမသိုးစိတ်မတို၊ ခင်ပျိုကြီးပွားကြောင်း" လေးပါးနှင့်ပြည့်စုံ၍ဂိုဏ်းသဃ်ာသဒ္ဓါလောက်အောင် နေခြင်း။

၁၀။ ဂိုဏ်းထဲ၌ ပါရာဇိကဝတ္ထုမျိုး ဖြစ်ပေါ်လာလျှင် သဃ်ာမကွဲပြား အများ ကုဏ္ဍုစ္စ ကင်းလောက်အောင် ဖြတ်တောက်သုံးမခြင်း။

၁၁။ ကုလဒူသက၊ အနေသန၊ မိစ္ဆာဇီဝမျိုး၊ အဂ္ဂိရတ်ထိုး စသော အဓမ္မများသော ကျောင်း- တိုက်တာများ၌ မစားမသောက် မတည်းမခိုခြင်း။

၁၂။ ၎င်းပုဂ္ဂိုလ်တို့၏ ပစ္စည်းကိုသိလျက် မသုံးဆောင်ခြင်း။

၁၃။ ထိုပုဂ္ဂိုလ်တို့နှင့် ဆွမ်းစဉ် ပရိတ်ရွတ်၊ မသာအသုဘရှုခွဲ၊ ရန်ပွဲပြုလုပ်၍ မနေခြင်း။

၁၄။ ဘုန်းကြီးပြန်ရှိလျှင် ဘုန်းကြီးချင်းမကူမပံ့ရ၊ ကူပံ့လျှင်လည်း ဘုန်းကြီးပြန်က ရသော ပစ္စည်းကို မသုံး၊ စွန့်ပစ်ခြင်း။

၁၅။ ကျောင်းသားများကို ဘိုးသူတော် မလုပ်လျှင် ကစားဆေးသောက် မရှိစေရ၊ ဝါပ, ဝါတွင်း, သီတင်းနေ့၌ ဥပုသ်စောင့်စေခြင်း။

ဤအကြမ်းလိုရင်း ၁၅-ပါးနှင့် ပြည့်စုံမှ၊ ရွှေကျင်ဂိုဏ်းသားအစစ်မှတ်၊ နေလွဲဆေးပါး, ကွမ်းစား, ဆေးသောက်ခြင်းစသည်ကို ပြုမူကား၊ ရွှေကျင်ဂိုဏ်းသား အတုအပ၊ဝင်မြှောင်ခိုနေလာသောသူဖြစ်၍ သမ္ဘောဂ နှစ်ပါးပင် ရှောင်ကြဉ်အပ်၏။

(နာယက, ဂိုဏ်းချုပ်, ဂိုဏ်းအုပ်, ဂိုဏ်းထောက်, ပါတိမောက်ခေါင်း, ဆရာတော်တို့အလိုကျ ထုတ်ပြန်အပ်သော ဂဏသုဒ္ဓိအမိန့်စာ)။

ကြောက်မက်ဘွယ်တောင်း၊ ဆင်းရဲပေါင်း၏၊ ခိုအောင်းတည်ရာ၊ သံသရာကို၊ မကြာလျှန်မြောက်၊ နိဗ္ဗာန်ရောက်အောင်၊ ကြံရည်ဆောင်၍၊ မြားမြောင်မျိုးသား၊ သူကောင်းများတို့၊ မှတ်သားလေ့လာ၊ သာသနာလည်း၊ နေဝါ, လဝန်း၊ မှောင်မစွန်းဘဲ၊ တက်ထွန်းသည့်သွင်၊ ပတ်ဝန်းကျင်၌၊

စည်ပင် စေသား၊ ပုံနှိပ်ထားသည်။ ။အများသာဓုခေါ်စေ သောဝ်။

မဟာဝိသုဒ္ဓါရာမသ္မိံ၊ သာယံ ပါတောပိ ဘိက္ခဝေါ၊
သမာဂန္တွာန ဂါယန္တိ၊ သန္တစိတ္တာ အတန္ဒိကာ။ ။
တထာ သမ္ဗုတ္တအာရာမေ၊ သာယံပါတောပိဘိက္ခဝေါ၊
သမာဂန္တွာန ဂါယန္တု၊ သန္တစိတ္တာ အတန္ဒိကာတိ။ ။

အာသီသ ၂-ဂါထာ။

ဤတွင်ရှေ့ ရှင်ကျင့်ဝတ်သစ်ပြီး၏။

# နောက်ဆက်တွဲ

## ရှင်သာမဏေ သီလဆောက်တည်ပုံ

အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာ သီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

ဒုတိယံပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

တတိယံပိ အဟံ ဘန္တေ တိသရဏေန သဟ ဒသ သာမဏေရ ပဗ္ဗဇ္ဇာသီလံ ဓမ္မံ ယာစာမိ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

သီလတောင်းပြီး၍။

နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။ (သုံးခေါက်ဆို)

ဘုရားရှိခိုးပုံပြီး၍။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။
တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

သရဏဂုဏ် ဆောက်တည်ပုံပြီး၏။

၁။ ပါဏာတိပါတာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၂။ အဒိန္နာဒါနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၃။ အဗြဟ္မစရိယာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၄။ မုသာဝါဒါ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၆။ ဝိကာလ ဘောဇနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၇။ နစ္စ, ဂီတ, ဝါဒိတ, ဝိသူက, ဒဿနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၈။ မာလာ,ဂန္ဓ, ဝိလေပန, ဓာရဏ, မဏ္ဍန, ဝိဘူသနဋ္ဌာနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၉။ ဥစ္စာသယန မဟာသယနာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

၁၀။ ဇာတရူပ ရဇတ ပဋိဂ္ဂဟဏာ ဝေရမဏီ သိက္ခာပဒံ သမာဒိယာမိ။

သီလဆောက်တည်ပုံပြီး၏။

# အရှင်မဟာသီလဝံသ

## ဆုံးမစာ

နမော တဿ ဘဂဝတော အရဟတော
သမ္မာ သမ္ဗုဒ္ဓဿ

၁။ တိလောကဟု၊ မရနိုင်းကူ၊ ဘက်မပြုသည်၊ သုံးဆူ
ရတနာ မာတာ,ပိတာ၊ ဆရာ,စသား၊ အရှင်များကို၊
ပြစ်မှားမဆို၊ ရိုသေလှာစေ၊ သာမဏောက၊ သူငယ်စသား၊
တပည့်များတို့၊ မှတ်သားကြပ်ကြပ်၊ မပြတ်သို့ပင်၊
ဆုံးမသင်သည်၊ ဝမ်းတွင်ကြပ်ကြပ်၊ စွဲ၍မှတ်။

၂။ ကယောက်ကယက်၊ ကျက်ကျက်ပျောက်ပျောက်၊ စား
သောက်,အိမ်နေ၊ မရှိစေနှင့်၊ သေသေ သပ်သပ်၊ စိတ်
ယူစွဲ၍၊ အမြဲမှတ်။

၃။ ဆရာသမား၊ မိဘ-များကို၊ နှိုးကြားမပြတ်၊ မျက်သစ်,
ဒန်ပူ၊ လုံ့လထူသည်၊ ယူ၍မပြတ်၊ နေ့တိုင်းကပ်။

၄။ ဘုရားခြေရင်း၊ ကျောင်းတလင်းတွင်၊ မြက်, သစ်ပင်
ကို၊ မြင်လျှင် မဖွယ်၊ မသပ္ပါယ်သော်၊ လယ်၍မပြတ်၊
တံမြက်ခတ်။

၅။ သုံးဆောင်ရေနှင့်၊ သောက်ရေအိုးတွင်၊ ရေနည်းမြင်
သော်၊ ခေါင်ငင်ညီညွတ်။ သွား၍ခပ်။

၆။ နေ့, ည, နံနက်၊ ကိန်းစက်မွေ့ရာ၊ သင်ဖြူးဖျာကို၊ ခင်းလာယူပြား၊ သွင်းခေါက်ထား။

၇။ သက်န်း,သပိတ်၊ ပရိက္ခရာ၊ ထသွားခါသော်၊ ယူရာသည်များ၊ ပြင်၍ထား။

၈။ ခရီးပမ်းပင်၊ လာသည်မြင်သော်၊ အလျှင်လှမ်းယူ၊ ဝတ်သက်န်းကို၊ ချွေးစွန်းမှုကား၊ နေပူဖြန့်လှန်း၊ သွင်းခေါက်ထား။

၉။ ရေချမ်း ကပ်လျက်၊ ခြေ-လက်-ဆုပ်နယ်၊ မှုကြီးငယ်ကို၊ လွဲဖယ်မသွား၊ ယပ်လေခပ်၍-နေ့,ထံပါး။

၁၀။ ကိုယ် လက်ဖိမ်း၍၊ ကိန်းစက်ပျော်ခါ၊ တစာစာနှင့်၊ ပြာပြာလောင်လောင်၊တဖေါင်ဖေါင်နှင့်၊ ခေါင်ခေါင်ကြမ်းကို-မနင်းနှင့်။

၁၁။ ရိုင်းစိုင်းနီးကပ်၊ မကိုင်းညွတ်ဘဲ၊ မတ်တတ်ကြွားတား၊ တိုးမသွားနှင့်။

၁၂။ စားဘွယ်သောက်ရာ၊ ကပ်သောခါလည်း၊ ချဉ်းလာနီးစေ၊ ခြေစုံနေ၍၊ ရှိသေခညွတ်၊ ချဉ်း၍ကပ်။

၁၃။ ဘုန်းပေးဆိုတန်း၊ ရဟန်းတို့အား၊ စားမည်လားဟု၊ စကားသည့်နှယ်၊မမေးနှင့်။

၁၄။ မိဦး, ဘဦး၊ ဆရာဦးကို၊ ခူး၍အလျှင်-မစားနှင့်။

၁၅။ မိဘ-ဆရာ၊ ထားသည့်ဟာကို၊ မျက်နှာကွယ်လျှင်၊ မယူငင်နှင့်၊ လိုချင်သောအား၊ စားချင်ပြားက- တောင်းပါကြ။

၁၆။ သပိတ် ဆွမ်းခွက်၊ ဆောင်ရွက်မပြတ်၊ ဆွမ်းဟင်း ကပ်ကို၊ ပွတ်တုံညစ်ကြေး၊ မြူမတင်အောင်၊ စင်စင် ဆေး။

၁၇။ ကျောင်းတွင်-အိမ်တွင်၊ ဓဆင့်မြင်သော်၊ ယူငင်သိမ်း ဆဲ၊ အထဲသို့ငြား၊ ကောင်းကောင်းထား။

၁၈။ အမှုနည်း-များ၊ ခန့်ညားမြင်မြော်၊ တခွန်းခေါ်က၊ ကြားသော်ခဏ၊ ချဉ်းကပ်ကြ။

၁၉။ ကိစ္စထွေ၊ သွားပါစေသော်၊ လျင်တွေခဏ၊ လာပါ ကြ။

၂၀။ တပါး တပို သွားကြလိုသော်၊ ဆရာကိုပန်မှ၊ သွားပါ ကြ။

၂၁။ မိ-ဘ-ဖူးမြင်၊ ရွာသို့ဝင်သည်၊ ခြေမြင်, လက်မြင်၊ ချိန်ခါတွင်၌၊ လျင်လျင်ခဏ၊ ပြန်ပါကြ။

၂၂။ အိမ်တွင်ကျောင်းတွင်၊ ဗျားနာကျင်သော်၊ ကြင်ကြင် နာနာ၊ ညီညာဖြဖြ၊ ဆေးဝါးပေး၍၊ လုပ်ကျွေးကြ။

၂၃။ သီတင်းသုံးချင်း၊ ချစ်ခင်ပြင်း၍၊ ပဥ္စင်းနှင့်ရှင်၊ ညီတွင် အစ်ကို၊ လွန်ကြည်ညိုသည်၊ ဆရာကိုအဘ၊ မှတ်ပါကြ။

၂၄။ အသက်ကြီး-ငယ်၊ ဝါ-ကြီး-ငယ်ကို၊ လွှဖယ်နိုမ့်ချ၊ ရိုတုပ်ကြ။

၂၅။ ကြီးသူခေါ်က၊ ကြကြလည်းလာ၊ ဗျာဗျာကျုန်ုပ်၊ လက်အုပ်ချီကြ၊ ပြုကုန်ကြ။

၂၆။ တရားပေစာ၊ ဟောသောခါလည်း၊ နှုတ်မှာမစောင့်၊ အလွန်မှောင့်၍၊ တခထောင့်စကားမပြောနှင့်။

၂၇။ လှူဘွယ်- ဒါန်းဘွယ်၊ ရောက်လာဝယ်လည်း၊ လဲလှယ်ခဏ၊ သူ့ခွက်ရောက်ကို၊ ပေးလိုက်ကျ။

၂၈။ ဆေးနှင့် မီးလျှင်၊ ညွှန်သည်မြင်သော်၊ အလျင်ခဏ၊ တည်ပါကြ။

၂၉။ မင်းသွား- ငါသွား၊ အချင်းများ၍၊ စကားတောက်ဆတ်၊ မဆိုအပ်၊

၃၀။ မပြတ်မချာ၊ ဆူလှယ်လာ၍၊ ဆရာထံပါး ၊စေစားလိုရ၊ နေပါကြ။

၃၁။ ရဟန်းသဃ်ာ၊ တည်းခိုလာသော်၊ သင့်ရာအထူး၊ သင်ဖြူးနှင့်ဖျာ၊ လာ၍ဖြဖြ၊ ခင်းကုန်ကြ။

၃၂။ ပရိသတ်လည်း မပြတ်ကျောင်းတွင်၊ ရှိလျှင်တထွေ၊ မြဲအောင်နေ။

၃၃။ တပြည်တရွာ၊ သွားသောခါလည်း၊ ကောင်းစွာရုံဝတ်၊ ကိုယ်ရှိန်သတ်၍၊ နေတတ်ကြ။

၃၄။ မလျှပ် မပေါ်၊ ခေါ်လျှင်လည်းရ၊ ထ- ကြွ- တစေ၊ လွန်မွေ့သိမ်၍၊ ငြိမ်ငြိမ်နေ။

၃၅။ မျက်မှောက် ကောင်းပြား၊ ပြင်တပါးတွင်၊ တခြား ဘောက်ပြန်-မကျင့်နှင့်။

၃၆။ တစိုစိစီ၊ တဟီဟီနှင့်၊ ကျီးစား၍လည်း မနေနှင့်။

၃၇။အယုတ် ညစ်အား၊ မဆဲဘြွားဘဲ၊ ခံသည်းမြဲနှင့်၊ နင်ဘဲကို မျှ-မဆိုနှင့်။

၃၈။ ရန်စရှုတ်ရှဲ၊ ရှောင်လွှဲဖယ်ငြား၊ သတ်မည်လားဖြင့်၊ လက်ဖျားကိုမျှ-မထိနှင့်။

၃၉။ ချစ်ခင်ရှိသော၊ သင့်တတ်စေ၍၊ မအေ, ဘရင်း၊ တဝမ်းတွင်းသို့၊ သားရင်းလိုပ၊ မှတ်ပါကြ။

၄၀။ သက်နိုးအသတ်၊ ချွတ်ခါပစ်လေ မရှိသောဘဲ၊ ကလေဝက၊ မသုတ်ချဘဲ၊ သူ့အဝတ်ကို-မဝတ်နှင့်။

၄၁။ တယောက်ကိစ္စ၊ ကိုင်တွယ်ကြသော်၊ ကြည့်ကြလျက်သာ၊ မနေရာသည်၊ တတ်ပါသမျှ၊လုပ်ဆောင်အိုကာ၊ ညီညာကြ။

၄၂။ ဆရာနေခင်း၊ အင်ပျဉ်းညောင်စောင်း၊ လည်းလျှောင်းဘုံလျှို၊ ထိုထိုဘက်မှာ၊ မနေရာ၊မြင့်ရာမသင့်၊ မနေနှင့်။

၄၃။ ရှေးကဝူးဥူး၊ ဒူး-လက်, ကိုသောင်၊ ထိုင်ဆောင့်ကြောင်နှင့်၊ ပေါင်-သက်ကားကား၊အပါးကြွပ်ကြွပ်၊ မနေအပ်။

၄၄။ ရှင်နှင့်သူငယ်၊ သောက်ရေအိုးကို- ဘခြားတယ်၊ အခြားအရာ- သုံးသည်မသင့်၊ ကျောင်းဦးရေကို၊ မသောက်နှင့်။

၄၅။ ရဟန်းသံဃာ၊ အရိယာကို၊ သာမဏေက၊ သူငယ်စသား၊ တသည့်များတို့၊ ကို့ကို့ငဲ့ငဲ့၊ ဘုဘဲ့မဆို၊ ရိုသေလှစေ၊ မြေပွေး, မြေဖောက်၊ မထိစောက်သို့၊ ရှို့ကြောက်စေ။

၄၆။ မွေတော်ခေါ်တော်၊ ရုပ်ထုတော်ကို၊ ပူဇော်မပြတ်၊ ရွှေကျောင်းဦးမှာ-ဖြည့်ကြဝတ်။

၄၇။ နံနက်မိုးသောက်၊ အချိန်ရောက်လျှင်၊ လက်အုပ်တင်ထား၊ ဘုရား-တရား၊ ဂုဏ်တော်များကို၊ ကြိုးစားလို့လ၊ ဆောက်တည်ကြ။

၄၈။ ခါခါသည့်စာ၊ သည်ဂါထာကို၊ မြဲစွာ ကျက်မှတ်၊ ဆရာအပ်သည်၊ တတ်ပါစေချင်၊ ငါ့ကိုသင်ဟု၊ စိတ်တွင်လည်းရွတ်၊ လျှင်လျှင် ရအောင်ဆုတိုး၍ကျက်။

၄၉။ အချိန်တန်၍၊ စာအံဆိုလျှင်၊ မအံတခါ၊ အံတခါနှင့်၊ မျက်နှာတပါး၊ စာ-တခြားနှင့်၊ စကားပြောဟော၊ တသောသောသည်၊ရယ်မော၍လည်း- မနေနှင့်။

၅၀။ တယောက်တခြား၊ စကားမဆို၊ကိုယ်စီကိုယ်င၊သင်ပုန်းပေမှာ လက်မကွာအောင် စာရေးကြ။

၅၁။ နပန်းဆံနှင့်၊ နောက် ဆံလည်းသား၊ ဆံဖါးရားနှင့်၊ ဖြူတွားခေါင်းပေါင်း၊ နားဒွေါင်းဝတ်ခါ၊ ပန်းပန်ခါနှင့်၊ နံ့သာလိမ်းကျံ၊ ဟန်ပန်ရှုပ၊ ခုန်ကမြူးရွှင်၊ ရွှေငွေဆင် ၍၊ ရှင်တို့သည်နှယ်- မကျင့်နှင့်။

၅၂။ သင်္ကန်းမှာစွဲ၊ ပိန်းနဲအပြင်၊ လှစေချင်၍၊ လွှင်လွှင်ပပ၊ ပြုကြမသင့်၊ နန္ဒင်းဆိုးကို-မဝတ်နှင့်။

၅၃။ ဒသသီဆယ်ပါး၊ ဘုရားမုခပါဌ်၊ ရှင်ကျင့်ဝတ်ကို၊ စောင့်ကြပ်မြဲထွေ၊ ညီလှစေ။

၅၄။ မပြတ်အသံ၊ တညံ့ညံ့နှင့်၊ စာအံ့စာဘတ်၊ ကျက်မှတ် မြဲသည်း၊ သည်-လည်း, ညသတ်၊ ပြတ်ပြတ်သားသား၊ စကားဆိုထွေ၊ ပီသစေ။

၅၅။ သင်ပုန်း-ပေမှာ၊ ရေးသောခါလည်း၊ ခရာမှန်လှ၊ တလုံးမျှပင့်၊ မကျ ရအောင်၊သတိ ဆောင်၍၊ကောင်း အောင် ရေလေ၊ စာလုံးကိုလည်း လှကြစေ။

၅၆။ မဆိတ်မညံ၊ ကျောင်း- ကံ- ဆိုက၊ နေ့-ည- မဆိတ်၊ မအိပ်-မနေ၊ စာဘတ်ကိုလည်း-မြဲလှစေ။

၅၇။ မပျင်းမရိ၊ လုံ့လရှိ၍၊ သတိအထဲ၊ နှလုံးစွဲ အောင်၊ တဖေါင်ဖေါင်နှင့်၊ သန်းခေါင်း ညဥ့်နက်၊ ကျက်မှတ် သမျှ၊ စစ,ကုန်လေ၊ ညဥ့်ကိုဆိုက-ရွတ်နိုင်စေ။

၅၈။ ပဥ္စင်း- မောင်ရှင်၊ သူငယ်သင့်တို့၊ မ သင်- မ ရွတ်၊ မဘတ်စာပေ၊ မရေမရာ၊ နေသာကုန်အောင်၊ ယီး ယောင်ထွေပြော၊ တ သော သော နှင့်၊ ရယ် မော ၍ လည်း-မနေနှင့်။

၅၉။ ပဥ္စသီ-ငါးပါး၊ ဘုရားမှဝပါဌ်၊ လူ့ကျင့်ဝတ်ကို၊စောင့် ကြပ်မြဲစေ၊ ရှိကြစေ။

၆၀။ ဗဟုသုတ၊ တတ်လှစေချင်၊ ဆုံးမ သင်သည်၊ သင်သာ ခိုက်ကို၊ သင်လိုက်ကြ။

၆၁။ သို့ပင်တစေ၊ မ နေ ရ သာ၊ ကျောင်း က ခွာ သော်၊ နောင်ခါ နောင်တ-ရှိတတ်စွ။

၆၂။ အတတ်ပညာ၊ ရမှသာလျှင် ကျောင်းမှာနေကျိုး နပ် မည်ပ။

၆၃။ ဆုံးမစကား၊ ဤသည်များကို၊ မှတ်သားဝမ်းထဲ၊ စိတ်မစွဲမူ၊ သဲဒဏ်-ရေဒဏ်၊ ပေးရမှန်သည်၊ ခံမည်ကြတော့၊ မင်းတို့ကျော။

၆၄။ ယခုအခါ၊ သာသနာဝယ်၊ လူမှာဖြစ်ရ၊ လွန်ခဲလှ၏။

၆၅။ လူ ထက်သာမှဏော၊ မြတ်ပေ မြတ်ခြင်း၊ ပဉ္စင်း သင်္ဃာ၊ ဖြစ်ပြန်ပါသော်၊ ဆိုရာမရှိ၊ မြတ်ခေါင်ထိ။

၆၆။ သိကြစေပါ၊ သည်ထက်သည်သာ၊ မြတ်ရာရာကို၊ လှွယ်ခါခဏ၊ လှမ်းပါကြ။

၆၇။ အထက်မြင့်စွာ၊ တုသိတာသို့၊ မကြာခဏ၊ ရောက်နေကြ။

၆၈။ မိဒမွ, ဘဒမွ ဆရာ့ဒမွကို၊ မကျန်စေရ၊ ပေးဝေငှ။

၆၉။ ပဌမဝယ်၊ ငယ်ရွယ်ကာလ၊ သားပုတ္တာကို၊ ဓမွဘာမိခင်၊ တတ်စေချင်၍၊ သွန်သင်စိမ့်ငှါ၊ မြတ်ဆရာ၏၊ ပညာရင်နို့၊ သောက်စို့ကုန်ပါ၊ အပ်လာသည်၊ ဆရာသင်တိုင်း၊ မှတ်ကုန်ကြ။

၇၀။ ခြိုးခြိုးခြံခြံ၊ ဆရာ့ထံဝယ်၊ သင်အံလုံ့လ၊ အားထုတ်မှု။

၇၁။ စကားပြောဟော၊ တသောသောနှင့်၊ ရယ်မော၍လည်း၊ မနေနှင့်။

၇၂။ ဆရာခေါ်လျှင်၊ လျင်လျင်ခဏ၊ ရောက်ပါကြ။

၇၃။ သူငယ်ဖေါ်ချင်း၊ နိုင်နင်းကလူ၊ ငယ်သောသူကို၊ ကြီးသူအနိုင်၊ မကျင့်နှင့်။

၇၄။ တပို့အပါး၊ ရေခပ်သွားသော်၊ ကစား၍ လည်း၊ မနေနှင့်။

၇၅။ ကစား၍သာ၊ ရေမှာကြာသည်၊ ဆရာ သိပြန်၊ ဒဏ်ရိုက်ပြန်က၊ သဲဒဏ်ရေဒဏ်၊ ပေးရပြန်သည်၊ ခံမည်သာစော၊ မင်းတို့ကျော။

၇၆။ မိထံ-ဘထံ၊ အိမ်သို့ပြန်လို၊ ဆရာကိုလျှင်၊ တိုင်ပင်ပြီးခါ၊ ဝန္ဒနာပဥ္စ၊ ဦးနှိမ်ချ၍၊ ပြန်ပါကြ။

၇၇။ မတိုင်မဆို၊ အလိုလိုသာ၊ သွားလေပါမူ၊ ပြန်လာရိုက်လေ၊ ညက်ညက်ကျေမည်၊ သရေလွှမ်းတော့ မင်းတို့ကျော။

၇၈။ သားတို့မှာလည်း၊ ပညာလိုချင်၊ ကျောင်းကန်ဝင်သော်၊ မသင်တခါ၊ သင်တခါနှင့်၊ မလာ တနေ့၊ လာတနေ့နှင့်၊ ဆို၍မနိုင်၊ ဖျင်းခေါင်တိုင် သည်၊ တွေ့မြင်လျက်သာ၊ နေ့ ရက် ကြာ လျှင်၊ တခါရိုက်လေ၊ ညက်ညက် ကျေမည်၊ သရေလွှမ်းတော့၊ မင်းတို့ကျော။

၇၉။ ဆရာမြတ်မွန်၊ သီလဝံသ၊ ထေရအကျော်၊ မိန့်တော်နှုတ်နက်၊ ဆုံးမချက်ကို၊ သက်သက် သာသာ၊ ပါဌ်ဂါထာဖြင့်၊ လင်္ကာမဟုတ်၊ ကျမ်းရိုးထုတ်ကို၊ နှုတ်ဖြင့်မှတ်ဘွယ်၊ မျှားသူငယ်မှာ၊ လွယ်ပါစေကြောင်း၊ ညာဏ်ဖြင့် လောင်းသည်။ ကောင်းကောင်း မှတ်စေကုန်သတည်း။

အရှင်မဟာသီလဝံသ-ဆုံးမစာ ဤတွင်ပြီး၏။

# သေခိယ အဓိပ္ပါယ်

ကျောင်းရံတွင်း၌ဖြစ်စေ၊ ရွာတွင်း၌ဖြစ်စေ၊ ချက်အဝန်းကို ဖုံးလွှမ်း၍ မြင်းခေါင်းရိုးအောက် လက်ရှစ်သစ်မျှ သင်းပိုင်ကို ချ၍ဝတ်ရမည်။ အစွန်းနှစ်ဘက် ညီစွာပြု၍ အဝန်းညီစွာ ကိုယ်ဝတ် ဒုကုဋ်ကို ဝတ်ရုံရမည်။ ရွာတွင်း၌သွားလျှင်၊ ကမ့်တ်သီးစွတ် ၊ အလျား, အနားပတ်စွန်းဖြစ်ဖြင့် လည်ကို ဖုံးလွှမ်းလျက်၊ အစွန်းနှစ်ဘက်ညီစွာ ခေါက်လိမ်းပြီးလျှင် လက်ကောက်ဝတ် အဝန်းကို ဖုံးလွှမ်း၍ သွားရမည်။နေလျှင်လည်း ရေမျိုကသည် ဦးခေါင်း၊ လက်ကောက်ဝတ်ကသည် လက်ဖျား၊ သလုံးမြင်း ခေါင်းသားကသည် ခြေဖျားတိုင်အောင်ဘွင့်၍၊ သည်မှ ကြွင်း သမျှကို ကောင်းစွာဖုံးလွှမ်း၍နေရမည်။

သေခိယဝတ်ကို သာမဏေတို့ ဖြည့်ကျင့်အပ်သောကြောင့် သာမဏေတို့ဝတ်ရုံလျှင် သုပ္ပဋိစ္ဆန္နသိက္ခာပုဒ်နှင့် ညီအောင်ဝတ် ရမည်။ရွာတွင်းမှာ လက်ခြေဘောက်ပြန် လှုပ်ရှားခြင်းကိုမပြုမူ၍ ကောင်းစွာ စောင့်စည်းဆုံးမ၍ရင်း။ သွားရ, နေရမည်။ သက်န်း ကို ပင့်၍ရင်း၊ ပြင်းစွာ ရယ်၍ရင်း၊ မသွားအပ်,မနေအပ်၊တဆဲ့ နှစ်တောင်‧အရပ်က အသံကိုသာကြား၍ စကားကို နားမလည် နိုင်အောင် အသံငယ်စွာပြောဆို၍ သွားရ, နေရမည်။ တဆဲ့နှစ် တောင်အရပ်က နားလည်အောင် မပြောဆိုရ, မပြောဆိုအပ်။

ကိုယ်, လက်ရုံး, ဦးခေါင်းကိုလှုပ်၍ရင်း၊ ခါးထောက်၍ ရင်း၊ ဦးခေါင်းခြုံ၍ရင်း၊ ရွာတွင်း၌ မသွားအပ်,မနေအပ်။

ပုဆွန့်နှင်း၍ မသွားအပ်၊ အာယောဂပတ်ဘွဲ့၍ မနေအပ်၊ ဆွမ်းခံလျှင် အရိုအသေ သတိကိုဖြစ်စေ၍ရင်း၊ သပိတ်၌သာ အမှတ်ရှိ၍ရင်း ဆွမ်းခံရမည်။ လက်ဖြင့်ယူကောင်းသောဟင်းကို ဆွမ်းလေးစုတစုသာခံရမည်။ ဆွမ်းကိုလည်း သပိတ်အနားရေနှင့်မျှရုံသာခံရမည်။ ဆွမ်စားလျှင်လည်း အရိုအသေ သပိတ်၌ အမှတ်သညာပြု၍ အစဉ်အတိုင်းသာစားရမည်။ များ စွာ အ လို ရှိ ၍ ဟင်းကိုရင်း၊ ဟင်းလျာကိုရင်း ဆွမ်းဖြင့်မဖုံးလွှမ်းအပ်၊ ဟင်းလျာ့ဆွမ်းများကို မနာပဲ မိမိဘို့တောင်း၍ မစားအပ်၊ သူတပါး သပိတ်ကို ကဲ့ရဲ့လို၍ မကြည့်အပ်၊ ဆွမ်းလုပ်ကို အလွန်ကြီးစွာ မပြုအပ်၊ ဆွမ်းလုပ်ကို အဝန်းညီစွာပြုရမည်၊ ဆွမ်းလုပ်မရောက်ခင် ခံတွင်းကိုမဖွင့်အပ်၊ အလုံးစုံလက်ကို ခံတွင်းသို့သွင်း၍မစားအပ်၊ စကားမပီသအောင် ဆွမ်းလုပ်ခံတွင်း၌ရှိလျက် စကားမပြောအပ်၊ ဆွမ်းလုပ်ကို မြှောက်၍ရင်း၊ ဆွမ်းလုပ်ကိုဖြတ်၍ရင်း၊ မျောက်ကဲ့သို့ ဆွမ်းလုပ်ကို ပါးစောင်၌ထား၍ရင်း၊ ဆွမ်းလုပ်ကို ကြဲ၍ရင်း၊ စပ်စပ်မည်အောင်ပြု၍ရင်း၊ ရှုပ်ရှုပ်မြည်အောင် ပြု၍ရင်း၊ လက်လျက်၍ရင်း၊ သပိတ်ခြစ်၍ရင်း၊ နှုတ်ခမ်းကိုလျက်၍ရင်း မစားအပ်၊ ဆွမ်းအာမိသနှင့်တကွသောလက်ဖြင့် ရေသောက်ခွက်ကို မကိုင်အပ်၊ ဆွမ်းလုံးနှင့်တကွ သပိတ်ဆေးရေကို ရွာတွင်း၌ မသွန်အပ်။

မနာမဖျားဘဲ ထီးစွဲသောသူ၊ တောင်ဝှေးစွဲသောသူ၊ ဓားသက်နက်စွဲသောသူ၊ ခြေနင်းဘိနပ်စီးသောသူ၊ အိပ်ရာ၌နေသောသူ၊ အာယောဂပတ် ဘွဲ့၍နေသောသူ၊ ဦးရစ်ပေါင်းသောသူ၊ ဦးခေါင်းခြုံသောသူတို့အား တရား မဟောအပ်၊ ဆံပင်ပေါ်နေသော်ကား တရားဟောရ၏။ မနာမဖျားဘဲ နေရာ၌နေသောသူ

အား မြေကြီး၌နေ၍ငှင်း၊ မြင့်သောနေရာ၌ နေသောသူအား နိမ့်သောနေရာ၌ နေ၍ငှင်း၊ ထိုင်သောသူအား ရပ်၍ငှင်း၊ ရှေ့သွားသောသူအား နောက်မှလိုက်၍ငှင်း၊ ခရီးမဖြစ်သွားသော သူအား ခရီးငယ်ဖြင့် သွား၍ငှင်း တရားမဟောအပ်။ မနာမဖျား ဘဲ ရပ်လျက် ကျင်ကြီး, ကျင်ငယ် မသွားအပ်၊ စိမ်းသော မြက် သစ်ပင်ရှိရာအရပ်၌ငှင်း၊ သုံးဆောင်ကောင်းသော ရေ၌ငှင်း၊ ကျင်ကြီး, ကျင်ငယ်, တံထွေး, နှပ်ကို မစွန့်အပ်။

သေခိယအခန်းပြီး၏။

---

## ဝစ္စကုဋိ၊ ပဿာဝကုဋိ၌ ပြုရသောဝတ်

ဝစ္စကုဋိ, ပဿာဝကုဋိသို့ ဝင်လျှင် သင်းပိုင်ကိုပင့်၍ မဝင်အပ်။ အလျင်တဆောမဝင်အပ်။ ချောင်းဟန့်၍ဝင်ရမည်။ ကျင်ကြီး, ကျင်ငယ်သွားရာ၌ နင်းစရာ ခင်းသောပျဉ်၌ ရပ်မိမှ သင်းပိုင်းကို ပင့်ရမည်။ ကျင်ကြီးသွားလျှင်လည်း ကြည်းညည်း၍မသွားအံ့။ ဒန်ပူစား၍ ကျင်ကြီးမသွားအပ်။ ကျင်ကြီးတွင်း, ကျင်ငယ်ချောင်းမှအပ၌ ကျင်ကြီး,ကျင်ငယ် မသွားအပ်။ ကျင်ကြီးတွင်း၌ တနုတံကိုမချအပ်။ ကျင်ငယ် ချောင်း၌ တံထွေးမထွေးအပ်။ ကြမ်းသော ကနုတံဖြင့် မသုတ်အပ်။ ကျင်ကြီးစွန့်ရာ၌ ကျင်ကြီးလိမ်းကျံလျှင် သုတ်သင် ဆေးကြောရ ကျင်ကြီးစွန့်ရာကထလျှင်၊ အလျင်တဆော သင်းပိုင်ကိုပင့်၍ မထွက်အပ်၊ ပြက်ပြက်မည်အောင် သန့်သက်ရေမဆေးအပ် ကျင်ကြီး ကျင်ငယ်အိမ်၌ အမှိုက်အသိုက်ရှိလျှင် သုတ်သင်ရမည်။ ဝစ္စကုဋိ ပဿာဝကုဋိ၌ ပြုရသောဝတ်တည်း။

၁၆ /

ဦးမြအုန်း - စာအုပ်ဆိုင်

လေဟာပြင်ဈေး - ရန်ကုန်။

ဦးသိန်း

သဗ္ဗမင်္ဂလာ - စာအုပ်ဆိုင်

ဈေးချိုတော် မန္တလေး။

မညွန့်ဝေ

ပိဋကတ် စာအုပ်ဆိုင်

အမှတ် ၃၈-ရွှေတိဂုံဘုရားဈေးတော်ရုံ

ရန်ကုန်မြို့။

ရိုက်နှိပ်သူ။ ။ဦးအုန်းမောင်၊ မှတ်ပုံတင်နံပါတ် (၀၀၇၃)
ဂန္ဓမာ စာပုံနှိပ်တိုက်၊ အမှတ် ၁၄၁၊ လမ်း ၅၀၊ ရန်ကုန်မြို့

တာဝန်ခံ-ထုတ်ဝေသူ။ ဦးထွန်းလူ
အမြဲတမ်း မှတ်ပုံတင် နံပါတ် (၀၂၃၀)
ဦးထွန်းလူ စာပေ ထုတ်ဝေရေးဌာန၊
အမှတ် ၁၃၊ ၁၄၆-လမ်း၊ ရန်ကုန်မြို့။

၂၈